# (Chapter - 24)



# 1Q84

မယ်ကျိ (မြန်မာပြန်)

HARUKI MURAKAMI

And Jay Rubin

Book ONE

## တန်ဂို
## ဘာလို့ အဲဒီကမ္ဘာက ဒီမှာ မဟုတ်ရတာလဲ

ကြာသပတေးနေ့ တမနက်လုံး မိုးတွေစွေနေတယ်။ အရမ်းသည်းတာလည်း မဟုတ်ဘဲ တစိမ့်စိမ့်နဲ့ ရွာနေလိုက်တာ။ ရှေ့တရက် ညနေပိုင်းကတည်း ရွာနေတာ မတိတ်နိုင်ဘူး။ တိတ်တော့မယ်လို့ ထင်လိုက် သဲသဲမဲမဲ ရွာလာလိုက်ပဲ။ ဂျွန်လဝက် ရောက်နေပေမဲ့ မိုးက မကုန်နိုင်အောင် ရွာနေသေးတယ်။ ကောင်းကင် တခုလုံးက မည်းမှောင်လို့ တိမ်မည်းမည်းတွေက ကောင်းကင် တခုလုံး ဖုံးအုပ်လို့ နေတယ်။ ကမ္ဘာကြီး တခုလုံး မည်းမှောင်လို့ ....

နေ့လယ် မရောက်ခင်လေးမှာ တန်ဂို မိုးကာနဲ့ ဦးထုပ်ဆောင်းပြီး အိမ်နားက ဈေးကိုသွားမလို့ ထွက်လာတယ်။ သူ့စာတိုက်ပုံးထဲမှာ စာအိတ်အညိုရောင် တအိတ် ရောက်နေတာကို တွေ့မိပါရော။ စာပို့အမှတ်အသား၊ တံဆိပ်ခေါင်းနဲ့ လိပ်စာတွေ မတွေ့ဘူး။ ပြန်ပို့ရမယ့် လ ိ ပ ် စ ာလ ည ် း မပါဘူး။ သူ့နာမည်ကို ဘောပန်နဲ့ စာအိတ်ထောင့်လေးမှာ မြေခဲတောင့်နဲ့ ခပ်သေးသေးလေး ရေးခြစ်ထားတယ်။ ဖူကာအီရိ လက်ရေးပဲ။ စာအိတ်ကို ဖွင့်ကြည့်လိုက်တော့ အထဲမှာ မိနစ်ခြောက်ဆယ်စာ ကက်ဆက်ခွေလေးကို တွေ့တယ်။ ဘာစာမှ အထဲမှာ မပါဘူး။ တိပ်ခွေမှာ အခွံလည်း မပါဘူး။ တိပ်ခွေမှာ နာမည်လည်း ရေးမထားဘူး။

အူကြောင်ကြောင်ဖြစ်ပြီး တခဏနေတော့ ဈေးသွား မဝယ်တော့ဖို့ တန်ဂို ဆုံးဖြတ်လိုက်တယ်။ ဒီခွေကို နားထောင်တော့မယ်။ အိမ်ပေါ် ပြန်တက် လာလိုက်တယ်။ ထူးထူးဆန်းဆန်း ရောက်လာတဲ့ တိပ်ခွေကြောင့် စိတ်လှုပ်ရှားမိတယ်။ ခွေကြည့်ရတာလည်း သာမန် တိပ်ခွေတခုပါပဲ။ ဖွင့်မကြည့်ဘဲနဲ့ တော့ အထဲမှာ ဘာပါမယ်ဆိုတာ ဘယ်လိုမှ မသိနိုင်ဘူး။

မိုးကာအင်္ကျီချွတ်ပြီး ကက်ဆက်ကို ထမင်းစား စားပွဲပေါ် တင်လိုက်တယ်။ စာအိတ်ထဲက တိပ်ခွေကိုထုတ် ကက်ဆက်ထဲ ထည့်လိုက်တယ်။ နောက်ပြီး စာရွက်တရွက်နဲ့ ဘောပန်ကို ကိုင်ထားပြီး ခွေဖွင့်တုန်း မှတ်သားစရာရှိ မှတ်ရအောင် အသင့်နေလိုက်တယ်။ ဘေးဘီဝဲယာမှာ လူမရှိကြောင်း သေချာတော့မှ ပလေးခလုတ်ကို နှိပ်လိုက်တယ်။

စစချင်း ဘာသံမှ မကြားဘူး။ တော်တော်လေး ကြာတယ်။ ခွေအလွတ်ကြီးများ လား မသိဘူးလို့ တောင်ထင်လာတဲ့ အချိန်ကျမှ ခုံရွှေ့သံလိုလို ဘာလိုလို ကြားရတယ်။ ခဏနေတော့ လည်ချောင်းရှင်းသံ ကြားတယ် (အဲဒီလိုထင်တာပဲ)။ နောက် ချက်ချင်းလိုလို ဖူကာအီရိ စကားစပြောတယ်။

"တန်ဂို"လို့ အသံစမ်းသလို ပြောတယ်။ သူမှတ်မိသလောက် ဒါဟာ သူ့နာမည်ကို ဖူကာအီရိ ပထမဆုံး ခေါ်တာပဲ။

လည်ချောင်း ရှင်းပြန်တယ်။ ကြည့်ရတာ စိတ်လှုပ်ရှားနေပုံပဲ။

တကယ်ဆိုရင် အစ်ကို့ဆီ စာရေးရမှာ ။ ဒါပေမဲ့ ညီမက စာရေးတာ ညံ့တယ်လေ အဲဒါကြောင့် အသံသွင်းလိုက်တာ။ ဒီလို အသံသွင်းတာက ဖုန်းနဲ့ ပြောတာထက် အဆင်ပြေတယ်။ ဖုန်းနဲ့ ဆိုရင် တယောက်ယော

က် ခိုးနားထောင် နေနိုင်တယ်။ ခဏနော် ရေသောက်လိုက်ဦးမယ်။

ဖူကာအီရိ ရေခွက်ယူတဲ့ အသံ၊ ရေသောက်နေတဲ့ အသံ၊ ခွက်ပြန်ချလိုက်တဲ့ အသံတွေ တန်ဂို ကြားရတယ်။ တိပ်ခွေမှာ အသံသွင်းတော့ ဖူကာအီရိရဲ့ အသံအနိမ့်အမြင့် အတက်အကျမရှိဘဲ ပြောတဲ့ စကားပြောပုံက နှစ်ယောက် စကားပြောတဲ့ အချိန်ထက်တောင် ပိုပြီး ထူးခြားလို့ နေတယ်။ တကယ့်ကို တမျိုးကြီးပဲ။ အသံသွင်းထားတော့ စကားလက်ဆုံကျသလို မဟုတ်ဘဲ စကားတွေ အများကြီး တဆက်တည်း ပြောနိုင်တယ်။

အစ်ကို ညီမဘယ်ရောက်နေလဲ မသိဘူးလို့ သတင်းကြားပါတယ်။ အစ်ကို စိတ်ပူနေမှာ ပဲ။ ဒါပေမဲ့ စိတ်ပူဖို့ မလိုပါဘူး။ ဒီနေရာက အန္တရာယ်ရှိတဲ့ နေရာ မဟုတ်ဘူး ။ အစ်ကို့ကို ညီမ တကယ် ပြောပြချင်ပါတယ် ။ ဒါပေမဲ့ ပြောပြလို့ မဖြစ်ဘူး ဒီလိုဆိုပေမဲ့လို့ ညီမပြောပြချင်တဲ့ အကြောင်းကိုတော့ အစ်ကို့ကို သိစေချင်လို့ ။

(ဆယ်စက္ကန့်လောက် ငြိမ်သွားတယ်)

သူတို့ က ဘယ်သူ့ကိုမှ မပြောနဲ့ တဲ့ ။ ညီမ ဒီမှာ ရှိနေတာကို။ ပါမောက္ခကြီးကတော့ ရဲစခန်းတိုင်ထားတယ်။ ဒါပေမဲ့ ရဲတွေက ဘာမှ မလုပ်ပါဘူး။ ဒီလိုပဲ လူငယ်တွေ ထွက်ပြေးနေကြတာ မဟုတ်လား။ ဆိုတော့ ညီမ ဒီမှာ ခဏနေဦးမယ်။

(ဆယ့်ငါး စက္ကန့် ငြိမ်)

ဒီနေရာက ဝေးတယ်။ ညီမ အပြင်လမ်းလျှောက် မထွက်မချင်း ဘယ်သူမှ ညီမကို တွေ့မှာ မဟုတ်ဘူး ။ အရမ်းကို ဝေးတယ်၊ အာဇာမိက ဒီတိပ်ခွေကို အစ်ကို့ဆီ ပို့ပေးလိမ့်မယ်။ စာတိုက်နဲ့ မပို့တာ ကောင်းတယ်လေ။ သတိထားရမယ် မဟုတ်လား။ ခဏလေး အသံဖမ်းနေရဲ့ လား

ကြည့်ဦးမယ်။

(ကလစ် ... နောက်ပြန်ရစ်သံ ... ကလစ်)

အင်း အသံဖမ်းနေတယ်။

အဝေးက ကလေးတွေရဲ့ အသံတွေကို ကြားရတယ်။ သီချင်းသံ သဲ့သဲ့လေး ကြားတယ်။ ပြတင်းပေါက်က ဝင်လာတဲ့ အသံတွေ ဖြစ်လိမ့်မယ်။ အနီးနားမှာ မူကြိုကျောင်းရှိတယ် နေမယ်။

အဲဒီတုန်းက အိမ်ခေါ်ထားတာ ကျေးဇူးတင်ပါတယ်။ ညီမက အစ်ကို့ကို အဲဒီလို လုပ်စေချင်တာ။ အစ်ကိုနဲ့ လည်း ညီမ ပိုရင်းနှီးချင်တယ်လေ ။ စာအုပ်ဖတ်ပြတာလည်း ကျေးဇူးတင်တယ်။ ဂိုရက်တွေနဲ့ အရမ်းရင်းနှီး သွားသလိုပဲ။ ဂိုရက်တွေက ဘာလို့ များ လမ်းပေါ်က မသွားဘဲ တောထဲက သွားကြတာလဲ မသိဘူး။

(တန်ဂို အမေးဝါကျကို စိတ်ထဲကနေ တိတ်တိတ်လေး ပြောင်းလိုက်တယ်။)

လမ်းတွေက အသုံးတည့်ပေမဲ့ ဂိုရက်တွေကတော့ တောထဲကပဲ သွားတယ်။ လမ်းပေါ်က သွားရင် ဒီလမ်းကို သူတို့ နောက်တခါ ပြန်သွားရမှာ ပဲ။ ဒီတခုကို နောက်တခါ ပြန်လုပ်ရမယ်ဆိုရင် ကျန်တာတွေလည်း နောက်တခါ ပြန်လုပ်ရတော့မှာ လေ။ ညီမတော့ သူတို့လို မနေချင်ပါဘူး။ ယောက်ျားတွေ ညီမကို တချိန်လုံး ရိုက်နေမှာ လည်း မကြိုက်ဘူး။ လောက်ကောင်တွေနဲ့ လည်း အမြဲတူတူ မနေနိုင်ပါဘူး။ ညစ်ပတ်လိုက်တာ။ နောက်ပြီး တောထဲကနေ လမ်းမလျှောက်ချင်ဘူး။ ရေသောက်လိုက်ဦးမယ်။

ဖူကာအီရိ ရေထပ်သောက်ပြန်တယ်။ ခဏ ငြိမ်သွားပြီး ဖန်ခွက်ကို

စားပွဲပေါ် ချလိုက်တဲ့ အသံထွက်လာတယ်။ တချိန်ထဲမှာ ပဲ သူ့နှုတ်ခမ်း တွေကို လက်နဲ့ သုတ်တဲ့ အသံကြားရတယ်။ ဒီကောင်မလေး ကက်ဆက်အသံ သွင်းတဲ့ အချိန် ရပ်ထားလို့ ရတယ်ဆိုတာ မသိဘူးလား မသိဘူး။

ညီမ ထွက်ပြေးသွားလို့ အစ်ကို့မှာ ဒုက္ခရောက်ရတယ် ထင်တယ်။ ဒါပေမဲ့ ညီမမှ စာရေးဆရာ မဖြစ်ချင်တာ။ နောက်ပြီး ထပ်ရေးဖို့ လည်း အစီအစဉ် မရှိတော့ဘူး။ အာဇာမီကို ဂိုရက်တွေ အကြောင်း ညီမထပ်မေးတယ်။ သူစာကြည့်တိုက်မှာ သွားရှာတယ်။ ဂိုရက်တွေက ဆာကာလင်းမှာ နေတယ်။ သူတို့ က အိုင်းနူးတွေ အမေရိကန် အီဒီယမ်းတွေလိုပဲ စာမရှိဘူးတဲ့ ။ ဘာကိုမှ လည်း မှတ်တမ်းတင် မထားဘူး။ ညီမလည်း တူတူပဲ။ တခုခုကို ရေးချလိုက်ပြီဆိုရင် ဇာတ်လမ်းကို ညီမ မပိုင်တော့ဘူး။ ညီမရဲ့ ဇာတ်လမ်းကို အစ်ကို ပြန်ရေးတာ အရမ်းကောင်းတယ်။ တခြားသူဆို ဒီလိုလုပ်နိုင်မှာ မဟုတ်ဘူး ။ ဒါပေမဲ့ အဲဒါက ညီမရဲ့ ဇာတ်လမ်း မဟုတ်တော့ဘူး။ စိတ်မပူပါနဲ့ ။ အစ်ကို့အပြစ် မဟုတ်ပါဘူး။ ညီမက လမ်းပေါ်မှာ လမ်းလျှောက်နေတာ မဟုတ်ဘူး ကို။

ဖူကာအီရိ ခဏ နားပြန်တယ်။ ဖူကာအီရိ တောထဲမှာ တိတ်တိတ်လေး တယောက်တည်း လမ်းလျှောက် နေတာကို တန်ဂို မြင်ယောင်မိတယ်။

ပါမောက္ခကြီးက ပါဝါ အကြီးကြီးရှိပြီး ပညာလည်း အရမ်းရှိတယ်။ ဒါပေမဲ့ လူသေးသေးလေးတွေကလည်း ပညာအရမ်းရှိပြီး သူ့လိုပဲ ပါဝါ အကြီးကြီး ရှိတာပဲ။ တောထဲမှာ ဆို သတိထားရတယ်။ တောထဲမှာ အရေးကြီးတာတွေ ရှိတယ်။ နောက်ပြီး လူသေးသေးလေးတွေက တောထဲမှာ ရှိတာ။ လူသေးသေးလေးတွေ အစ်ကို့ကို ဒုက္ခမပေးနိုင်အောင် သတိ

ထားနော်။ လူသေးသေးလေးတွေမှာ မရှိတဲ့ အရာတခုကို အစ်ကို ရှာရမယ်။ အဲဒါရပြီဆိုရင် တောထဲမှာ အစ်ကို အန္တရာယ် ကင်းကင်း နေလို့ရပြီ။

ဒီတခါ ပြောပြီးသွားတော့ ဖူကာအီရိ အသက်ပြင်းပြင်း ရှူတယ်။ မျက်နှာကို မိုက်ခွက်ဆီက မခွာထားတော့ အသက်ရှူသံက အဆောက်အဦ နှစ်ခုကြားထဲ ဖြတ်တိုက်တဲ့ လေသံလို အကျယ်ကြီး ထွက်လာတယ်။ အဲဒီအသံ ငြိမ်သွားတဲ့ အခါ ခပ်ဝေးဝေးကလာတဲ့ ဖားအော်သံကြီးလို ကားဟွန်းသံ အကျယ်ကြီးကို ကြားရတယ်။ နှစ်ခါတောင်။ ကြည့်ရတာ ဖူကာအီရိ ရှိနေတဲ့ နေရာဟာ ဟိုင်းဝေးလမ်းမကြီးနဲ့ သိပ်မဝေးဘူး ထင်တယ်။

(ချောင်းဟန့်သံ) အသံတွေတောင် ပြာ လာပြီ။ ညီမကို စိတ်ပူတာ ကျေးဇူးပဲနော်။ ညီမရင်သား ပုံစံကို သဘောကျတာလည်း ကျေးဇူးတင်တယ်။ အိမ်မှာ ပေးအိပ်တာရော ညအိပ်ဝတ်စုံ ပေးငှားတာရောပဲ။ လောလောဆယ်တော့ တယောက်နဲ့ တယောက် တွေ့နိုင်ဦးမှာ မဟုတ်ဘူး ။ လူသေးသေးလေးတွေက သူတို့ အကြောင်း ရေးလိုက်လို့ ဒေါကန်နေလောက်ပြီ။ ဒါပေမဲ့ စိတ်မပူပါနဲ့ ။ ညီမက တောထဲမှာ ဘယ်လိုနေရမလဲ သိပြီးသားပါ။ တာ့တာ ...

အဲဒီနေရာမှာ ကလစ်လို့ အသံမြည်ပြီး အသံသွင်းတာ ရပ်သွားတယ်
။

တန်ဂို ကက်ဆက်ကို ပိတ်ပြီး အစကို ပြန်ရစ်လိုက်တယ်။ ခေါင်မိုးပေါ် ကျနေတဲ့ မိုးစက်သံတွေကို နားထောင်။ လက်ထဲက ဘောပန်ကို လှည့်ကစားရင်း သက်ပြင်းတွေ ရှိုက်မိတယ်။နောက်ပြီး ဘောပင်ကို ချလိုက်တယ်။ စာတလုံးမှ မရေးဖြစ်လိုက်ဘူး။ ဖူကာအီရိရဲ့ ထူးဆန်းတဲ့ လေ

ယူလေသိမ်းနဲ့ စကားသံလေးကို နားထောင်ပြီး စွဲလမ်းနေမိပြီ။ နှုတ်မှ မှတ်လိုက်ပေမဲ့လို့ သူ့စကားထဲက အဓိကအချက် သုံးချက်ကို ဆွဲထုတ် လိုက်နိုင်တယ်။

(၁) ဖူကာအီရီ ပြန်ပေးဆွဲ ခံရတာ မဟုတ်ဘူး ။ ခဏ သွားပုန်းနေတာ။ သူ့ကို စိတ်ပူဖို့ မလိုဘူး။

(၂) နောက်ထပ် စာအုပ်တွေ ထပ်ရေး၊ ထပ်ထုတ်ဖို့ အစီအစဉ် မရှိတော့ဘူး။ သူ့ဇာတ်လမ်းကလည်း စကားနဲ့ ပဲ ပြောပြခဲ့တာ၊ ပုံနှိပ်ထုတ်ဝေဖို့ မဟုတ်ဘူး ။

(၃) လူသေးသေးလေးတွေဟာ ပါမောက္ခကြီးလိုပဲ အသိဉာဏ်ပညာရော၊ ပါဝါပါ ပိုင်ဆိုင်ကြတယ်။ တန်ဂို သတိထားနေရမယ်။

ဒီအချက်တွေဟာ ဖူကာအီရီ ပြောချင်တဲ့ အချက်တွေပဲ။ လမ်းပေါ်ကနေ မသွားတတ်တဲ့ ဂိုရက်တွေ အကြောင်းလည်း ပြောတယ်။

တန်ဂို မီးဖိုခန်းထဲသွားပြီး ကော်ဖီဖျော်တယ်။ ကော်ဖီဖျော်နေတုန်း တိပ်ခွေကို အကြောင်းမဲ့ စိုက်ကြည့် နေမိတယ်။ နောက်ပြီး အစကနေ ပြန်နားထောင်တယ်။ ဒီတခါတော့ ပိုသေချာအောင်လို့ တချက်တချက် ကက်ဆက်ကို ရပ်ပြီး မှတ်စုအကြမ်း ထုတ်တယ်။ မှတ်စုကို ပြန်ဖတ်ကြည့်တယ်။ နောက်ထပ် ဘာသဲလွန်စမှ ထပ်မတွေ့တော့ဘူး။

စကားမပြောခင် ဖူကာအီရီများ မှတ်စုကြို့ရေးထားပြီး အသံဖမ်းတာများ လား။ ဒီလိုလုပ်မယ်လို့ တော့ မထင်ဘူး။ ဒီကောင်မလေးက အဲဒီလို လုပ်တတ်တဲ့ ပုံစံမပေါ်ဘူး။ သူစိတ်ထဲ ပေါ်လာတာတွေကို မိုက်နဲ့ တခါတည်း ပြောပြီး အသံဖမ်းလိုက်တဲ့ ပုံပါပဲ။ (ကြားထဲမှာ ရေသောက်တာတောင် အသံဖမ်းစက်ကို ခဏမရပ်ထားဘူးလေ)

ဘယ်လို နေရာမျိုးများ ရောက်နေပါလိမ့်။ အသံဖမ်းထားတဲ့ ထဲမှာ ပါနေတဲ့ အသံတချို့က သဲလွန်စ တချို့တော့ ပေးတယ်။ တံခါး ဖွင့်ပိတ်သံ၊ ဖွင့်ထားတဲ့ ပြတင်းပေါက်ကနေ ဝင်လာတဲ့ ကလေးသံတွေ။ ကလေးထိန်းကျောင်း ရှိတာလား။ ကားကြီးတစီးရဲ့ ဟွန်းသံ။ ဒီပုံစံအတိုင်းဆို တောနက်ထဲမှာ တော့ မဟုတ်နိုင်ဘူး။ မြို့ထဲမှာ ပဲ ဖြစ်ရမယ်။ အသံသွင်းတဲ့ အချိန်က နေ့လယ် ရောက်ခါနီး သို့မဟုတ် နေခင်းပိုင်း၊ တံခါးဖွင့် ပိတ်သံတွေ ရှိနေတော့ သူတယောက်တည်း နေနေတာတော့ မဟုတ်ဘူး ။

သေချာတာ တခုကတော့ ဖူကာအီရီ ဒီခွေပို့တာဟာ သူ့ကိုယ်သူ စဉ်းစား ဆုံးဖြတ်ပြီး ပို့တာပဲ။ ဘယ်သူမှ သူ့ကို ဒါလုပ်ပါလို့ ပြောတာ မဟုတ်ဘူး ။ တိပ်ခွေထဲက အသံနဲ့ သူ့စကား ပြောပုံကြောင့် ဒါတော့ သေချာပေါက် ပြောလို့ ရတယ်။ စစချင်းမှာ တော့ နည်းနည်း စိတ်လှုပ်ရှားနေပုံပဲ။ အဲဒါကလွဲလို့ သူစိတ်ထဲ ရှိနေတာတွေကို သူပြောနေတာပဲ။

ပါမောက္ခကြီးက ပါဝါ အကြီးကြီးရှိပြီး ပညာလည်း အရမ်းရှိတယ်။ ဒါပေမဲ့ လူသေးသေးလေးတွေကလည်း ပညာအရမ်းရှိပြီး သူ့လိုပဲ ပါဝါ အကြီးကြီး ရှိတာပဲ။ တောထဲမှာ ဆို သတိထားရတယ်။ တောထဲမှာ အရေးကြီးတာတွေ ရှိတယ်။ နောက်ပြီး လူသေးသေးလေးတွေက တောထဲမှာ ရှိတာ။ လူသေးသေးလေးတွေ အစ်ကို့ကို ဒုက္ခမပေးနိုင်အောင် သတိထားနော်။ လူသေးသေးလေးတွေမှာ မရှိတဲ့ အရာတခုကို အစ်ကိုရှာရမယ်။ အဲဒါရပြီဆိုရင် တောထဲမှာ အစ်ကို အန္တရာယ်ကင်းကင်း နေလို့ ရပြီ ။

***